(၂၆)ကြိမ်မြောက် ကမ္ဘာ့ကော်ဖီနည်းပညာဆိုင်ရာညီလာခံ ကူမင်းမြို့တွင်ကျင်းပ

နိုဝင်ဘာလ၁၃ရက်တွင်(၂၆)ကြိမ်မြောက် ကမ္ဘာ့ကော်ဖီနည်းပညာဆိုင်ရာညီလာခံကို ကူမင်း၌ကျင်းပခဲ့ကြောင်း သိရသည်။ တစ်ကမ္ဘာလုံးရှိ နိုင်ငံနှင့် ဒေသပေါင်း(၆၀)တို့မှ ရောက်လာကြသည့် ကော်ဖီနယ်ပယ်မှ ပုဂ္ဂိုလ်(၄၀၀) ကျော်တို့သည် နွေဦးမြို့တော်ဖြစ်သည့် ကူမင်းမြို့တွင်စုရုံး၍ ကော်ဖီနည်းပညာဆိုင်ရာနောက်ဆုံးပေါ် အောင်မြင်မှုရလဒ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ယခုအကြိမ်ညီလာခံကို ကမ္ဘာ့ကော်ဖီနည်းပညာနှင့်သတင်းအချက်အလက်အသင်းက တရုတ်ကော်ဖီအင်ဂျင်နီယာသုတေသနစင်တာနှင့် ပူးပေါင်း၍ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ယူနန်ပြည်နယ်လယ်ယာစိုက်ပျိုးရေးဦးစီးဌာန၊ တယ်ဟုန်တိုင်တိုင်းရင်းသား ဂျိမ်းဖောတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်ခွဲ၊ ယူနန်တက္ကသိုလ်စသည့်ဌာနတို့မှ ပူးတွဲကျင်းပခြင်းဖြစ်သည်။ ယခုအကြိမ်ညီလာခံသည်“ကော်ဖီ၏နည်းပညာဆိုင်ရာတိုးတက်မှုကိုမျှဝေရန်” ခေါင်းစဉ်အဖြစ် ထားခြင်းဖြစ်သည်။

နိုင်ငံအသီးသီးရှိ ကော်ဖီလောကပုဂ္ဂိုလ်များသည် (၇)ရက်ကြာကျင်းပသည့်ယခုအကြိမ်ညီလာခံတွင် ကော်ဖီဆိုင်ရာဓာတုဗေဒ၊ ကော်ဖီဆိုင်ရာစိုက်ပျိုးရေးပညာ၊ ကော်ဖီဆိုင်ရာမျိုးရိုးဗီဇပညာ၊ ကော်ဖီလုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ ကော်ဖီမျိုးပွားမှု၊ ကော်ဖီရောဂါပိုးကာကွယ်ကုသမှု၊ ကော်ဖီအရည်အသွေး စသည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ နက်ရှိုင်းစွာစူးစမ်းလေ့လာဆွေးနွေးဖလှယ်ခဲ့ကြသည်။

ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံအတွင်း ကော်ဖီအစောဆုံးစိုက်ပျိုးသောပြည်နယ်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ လက်ရှိတွင် ကော်ဖီစိုက်ပျိုးခြင်း၊ ကော်ဖီအချောကိုင် ထုတ်လုပ်ခြင်း၊ ကော်ဖီစားသုံးခြင်းမှ စျေးကွက်ဖြန့်ဖြူးရောင်းချခြင်းအထိ ပြည့်စုံကုံလုံသော လုပ်ငန်းကွင်းဆက်ဖြစ်တည်လာပြီဖြစ်သည်။ ကော်ဖီလုပ်ငန်းသည် ယူနန်၏ကုန်းမြင့်ဝိသေသ ထူးခြားချက်အပါဆုံးသော လုပ်ငန်းတစ်ရပ်ဖြစ်လာနေသည်။ လောကတွင်း အရှိန်အဝါအရှိဆုံးနှင့်ဩဇာအကြီးဆုံးသော အစည်းအဝေးအဖြစ် ကမ္ဘာ့ကော်ဖီနည်းပညာ ညီလာခံသည် တစ်ကမ္ဘာလုံးရှိ ကော်ဖီလုပ်ငန်းရှင်များအတွက် နောက်ဆုံးပေါ် ကော်ဖီနည်းပညာဆိုင်ရာအောင်မြင်မှုရလဒ်သစ်များကို ပြသခြင်းဖြစ်သည်၊ ကော်ဖီလုပ်ငန်းဆိုင်ရာသုတေသီ၊ ထုတ်လုပ်သူ၊ ရောင်းဝယ်သူနှင့်စားသုံးသူများအကြားမှ ပူးပေါင်းဖလှယ်မှုအတွက် အဆင့်မြင့်စင်မြင့်ထောက်ပံ့ပေးခြင်းဖြစ်သည်။

ယင်းသည် ကမ္ဘာ့ကော်ဖီနည်းပညာညီလာခံကို တရုတ်နိုင်ငံ၌ပထမဦးဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ကော်ဖီထုတ်လုပ်သည့်နိုင်ငံကြီးတစ်နိုင်ငံလည်းဖြစ်၊ ကော်ဖီစားသုံးသည့် နိုင်ငံကြီးတစ်နိုင်ငံလည်းဖြစ်သည်။ ယခုအကြိမ်ညီလာခံ၏ ပင်မစည်းဝေးခန်းတည်ရှိရာနေရာဖြစ်သည့် ကူမင်းသည် “ကော်ဖီမြို့တော်”ဖြစ်သည်။စည်းဝေးခန်းခွဲတည်ရှိရာနေရာဖြစ်သည့်မန်စီမြို့သည် တရုတ်နိုင်ငံ၏ အခြားသော ကိုယ်စားလှယ်များကိုစည်းရုံး၍ ယူနန်ပြည်နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးစင်တာ၊ ယူနန်ပြည်နယ်လုတျန့်ခရိုင်လုံထိုရှန်းမြို့နယ် ဗဟိုဆေးပေးခန်းတို့သို့ သွားရောက်လေ့လာခဲ့ကြသည်။ ယခုအကြိမ် သင်တန်းကျင်းပခြင်းအားဖြင့် ကော်ဖီထွက်ရှိရာဇာတိတစ်ခုဖြစ်သည်။ ယခုအကြိမ်ညီလာခံသည် ကော်ဖီလုပ်ငန်းအတွက် ကောင်းမွန်သောဆက်သွယ်ဖလှယ်ရန် စင်မြင့်တစ်ခုထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

သတင်းထောက်-ကျီကျိန်၊
ကျန်ရောဂူ

ယူနန် – မြန်မာကြက်ခြေနီအသင်းတို့မှပူးပေါင်းကျင်းပသော ရပ်ကွက်ကျန်းမာရေးသင်တန်းဖွင့်လှစ်

နိုဝင်ဘာလပိုင်းတွင်ယူနန်ပြည်နယ်ကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ပူးပေါင်းကျင်းပသော “ကြက်ခြေနီအသင်းရပ်ကွက်ကျန်းမာရေးသင်တန်း”ကို ကူမင်းမြို့တွင် ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းလက်အောက်ရှိဌာန(၁၃)ခုမှ ကိုယ်စားလှယ်(၁၅)ဦးတို့သည် သက်ဆိုင်ရာဘာသာရပ်များနှင့်စပ်လျဉ်း၍ (၅)ရက်ကြာသက်တန်းတက်ခဲ့ကြသည်။

ယခုအကြိမ် သင်တန်းကာလအတွင်း ကြီးမှူးကျင်းပဖက်သည် ယူနန်ပြည်နယ်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးစင်တာမှ ကျွမ်းကျင်ပညာရှင်များကိုဖိတ်ခေါ်၍ ကျန်းမာရေးအရအများပိုင်းဆိုင်ရာသဘာဝဘေးအန္တရာယ်ကို အရေးပေါ်တုံ့ပြန်ခြင်း၊ ကြက်ခြေနီအသင်းများ၏ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း တည်ဆောက်ခြင်းစသည်များနှင့်စပ်လျဉ်း၍ သီးခြားအကြောင်းအရာဖြင့် ဟောပြောခဲ့ပြီး မြန်မာဖက်မှ ယူနန်-မြန်မာ ကြက်ခြေနီအသင်းအကြား အပြန်အလှန်နားလည်မှုကို မြှင့်တင်စေပြီး နှစ်ဦးနှစ်ဖက်တို့နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်စေရန် တွန်းအားပေးနိုင်သည်။

၂၀၁၆ခုနှစ် ယူနန်ပြည်နယ်ဟွားတန်းနှင့်တျမ်းဇာတ်ခေါ် ဒေသန္တရအော်ပရာသီတင်းပတ်ကို ချီးပေခရိုင်၌ ဒေါင်မြင့်စွာကျင်းပပြီးစီး

(၇)ရက်ကြာ အကြိတ်အနယ်ပြသ၊ ယှဉ်ပြိုင်ခြင်းအားဖြင့် နိုဝင်ဘာလ ၁၆ ရက်ညပိုင်းတွင် ၂၀၁၆ခုနှစ်ယူနန်ပြည်နယ်ဟွားတန်းနှင့်တျမ်းဇာတ်ခေါ် သေန္တရအော်ပရာသီတင်းပတ်ကို ချီးပေခရိုင် ကျောက်လျန်ရင်ပြင်တွင် ပိတ်ပွဲအခမ်းအနားကျင်းပခဲ့သည်။ ယခုအကြိမ် ဟွားတန်း၊ တျမ်းဇာတ်သီတင်းပတ်ကို (၇)ရက်ကြာကျင်းပခဲ့ပြီး ယူနန်ပြည်နယ်ကွန်မြူနစ်ပါတီကော်မတီ ပြန်ကြားရေးဦးစီးဌာန၊ ယူနန်ပြည်နယ်ယဉ်ကျေးမှုဦးစီးဌာန၊ ယူနန်ပြည်နယ်ယဉ်ကျေးမှုနှင့်အနုပညာသမဂ္ဂစသည့်ဌာနတို့မှ ပူးတွဲကျင်းပခြင်းဖြစ်သည်။ တစ်ပြည်နယ်လုံးရှိ ကိုယ်စားလှယ်အဖွဲ့ (၁၇)ဖွဲ့တို့သည် ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန်အတွက် ဟွားတန်းနှင့်တျမ်းဇာတ်(ပြဇာတ်)(၄၈)ခုတို့ကို တီထွင်ကြံဆရေးသားပြုစုခဲ့ပြီး ဟွားတန်းသရုပ်ဆောင်(၅၁)ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဟွားတန်း၊ တျမ်းဇာတ်သီတင်းပတ် ကျင်းပစဉ်ကာလအတွင်း ဟွားတန်း၊ တျမ်းဇာတ်ဆိုင်ရာဆွေးနွေးပွဲ၊ ဟွားတန်း၊ တျမ်းဇာတ်အနုပညာဖြင့် ကျောင်းဝင်းထဲဝင်ရောက်တင်ဆက်ပွဲစသည့် လှုပ်ရှားမှုများကိုလည်း ကျင်းပခဲ့သည်။

တရုတ် – မြန်မာဘဏ်လုပ်ငန်းအဖွဲ့အစည်းများ၏ အချိန်သတ်ပုံမှန်တွေ့ဆုံပွဲကျင်းပ

ယခုရက်ပိုင်းတွင် တရုတ်ပြည်သူ့ဘဏ်ရွှေလီမြို့ဘဏ်ခွဲမှ ကမကထပြုစည်းရုံးသော “တရုတ်ရွှေလီ-မြန်မာမူဆယ်”ဘဏ်လုပ်ငန်း အဖွဲ့အစည်းများအချိန်သတ်ပုံမှန်တွေ့ဆုံပွဲကို ရွှေလီမြို့တွင်ကျင်းပခဲ့သည်။ မူဆယ်ဒေသအခြေစိုက်မြန်မာ့စီးပွားရေးဘဏ်၊ KBZဘဏ်၊ ရိုးမဘဏ်စသည့် မြန်မာနိုင်ငံဘဏ်လုပ်ငန်းအဖွဲ့အစည်း(၁၃)ခုနှင့် ရွှေလီမြို့ရှိဘဏ်လုပ်ငန်းအဖွဲ့အစည်း(၁၁)ခုတို့မှ အဓိကတာဝန်ခံနှင့်သက်ဆိုင်ရာအရာရှိစုစုပေါင်း(၅၆)ဦးတို့က အထက်ပါတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။

ယခုအကြိမ် တွေ့ဆုံပွဲကျင်းပခြင်းအားဖြင့် တရုတ်-မြန်မာနှစ်နိုင်ငံဘဏ်လုပ်ငန်းအဖွဲ့အစည်းများအကြား ပိုမိုနက်ရှိုင်းစွာသိရှိစေပြီး နယ်စပ်ဖြတ်ကျော် ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုနက်ရှိုင်းစေနိုင်သည်။ ငွေရေးကြေးရေးဆိုင်ရာဗဟုတုတနှင့် ဘဏ်လုပ်ငန်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ အပြန်အလှန်မိတ်ဆက်ရှင်းလင်းခြင်းအားဖြင့် နှစ်ဖက်တို့၏ ဘဏ်လုပ်ငန်းနယ်စပ်ဖြတ်ကျော် ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုအခြေခံအုတ်မြစ် ပိုမိုခိုင်မြဲစေရိုင်မည်ဖြစ်သည်။ တွေ့ဆုံပွဲတွင် မြန်မာ့ဘဏ်လုပ်ငန်းအဖွဲ့အစည်းတို့မှ ဝန်ထမ်းများထံသို့ တရုတ်-မြန်မာနှစ်ဘာသာထုတ်ကြော်ငြာစာတမ်းအစောင်(၂၀၀)ကျော်ကို ဖြန့်ဝေပေးပြီး မြန်မာ့ဘဏ်လုပ်ငန်း ဝန်ထမ်းများက တရုတ်ငွေရေးကြေးရေးဆိုင်ရာဗဟုသုတများကို ပိုမိုသိရှိနားလည်ပြီး ပြည်ပသို့ ငွေရေးကြေးရေးဗဟုသုတဝါဒဖြန့်မှုတွင် ကောင်းမွန်သော အကျိုးသက်ရောက်မှု ရရှိနိုင်ခဲ့သည်။ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိသောနှစ်ဖက်တို့မှ ဘဏ်လုပ်ငန်းအဖွဲ့အစည်းတို့သည် “one by one”ဆွေးနွေးပွဲကိုလည်း သီးခြားစီကျင်းပခဲ့ပြီး နှစ်ဖက်ဘဏ်လုပ်ငန်း အဖွဲ့အစည်းများအတွက် ပိုမိုများပြားသော ပူးပေါင်းဆောင်ရွက်ရေးရလဒ်ရရှိနိုင်ရန် အထောက်အကူပြုကာအချိန်သတ်ပုံမှန်တွေ့ဆုံပွဲစနစ်၏အနှစ်သာရများကို ကြွယ်ဝစေခဲ့သည်။

၂၀၁၄ ခုနှစ် “တရုတ်ရွှေလီ-မြန်မာမူဆယ်”ဘဏ်လုပ်ငန်း အဖွဲ့အစည်းများအချိန်သတ်တွေ့ဆုံပွဲစနစ် တရားဝင်ထူထောင်လာပြီးနောက် တရုတ်-မြန်မာနှစ်နိုင်ငံရှိ ဘဏ်အဖွဲ့အစည်းများက တရားဝင်တွေ့ဆုံပွဲ (၃)ကြိမ်တိုင် ကျင်းပခဲ့ကြောင်း၊ ICBC၊ ABC၊ BOC၊ CCB နိုင်ငံပိုင်ဘဏ်ကြီး(၄)ခုနှင့် ယူနန်ပြည်နယ်ဖူတျမ်းဘဏ်တို့သည် မြန်မာနိုင်ငံရှိ ဘဏ်အဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး ဆက်ဆံမှုတည်ထောင်သည့် ကောင်းမွန်သောအောင်မြင်မှုရလဒ် ရရှိနိုင်ခဲ့ကြောင်းသိရသည်။

ဤသတင်းစာတိုက်မှ
သတင်းထောက်